THE REPUBLIC OF THE UNION OF MYANMAR
THE SUPREME COURT OF THE UNION

သတင်းထုတ်ပြန်ချက်

# တရားလွှတ်တော်ရှေ့နေအသိအမှတ်ပြုလက်မှတ်ပေးအပ်သည့်အခမ်းအနားကို Video Conferencing စနစ်ဖြင့် ပြုလုပ်မည်ဖြစ်ကြောင်း ကြေညာ

*နေပြည်တော်၊ ၂၀၂၀ ခုနှစ် နိုဝင်ဘာလ ၂၆ ရက်နေ့*

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားလွှတ်တော်ရှေ့နေအသိအမှတ်ပြုလက်မှတ်ပေးအပ်ပွဲအခမ်းအနား ကျင်းပခြင်းကို ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလမှစတင်၍ Video Conferencing စနစ်ဖြင့် ပြုလုပ်မည်ကြောင်း ကြေညာချက်ထုတ်ပြန်ပါသည်။

Video Conferencing စနစ်ဖြင့် တရားလွှတ်တော်ရှေ့နေအသိအမှတ်ပြုလက်မှတ်ပေးအပ်ခြင်း အခမ်းအနားကို Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီမှ အသွားအလာကန့်သတ်ချက်များ ထုတ်ပြန်ထားသည့် ကာလအတွင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ အခမ်းအနားကျင်းပမည့်နေ့၊ အခမ်းအနား တက်ရောက်ရမည့်သူများ၏အမည်စာရင်း၊ အခမ်းအနားအတွက် ဆောင်ရွက်ရမည့် အချက်များ၊ အခမ်းအနားတက်ရောက်ရာတွင် လိုက်နာရမည့်စည်းကမ်းချက်များကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး Website: [www.unionsupremecourt.gov.mm](http://www.unionsupremecourt.gov.mm) နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ပြည်သူ့ဆက်ဆံရေးဌာနခွဲ၏ Facebook စာမျက်နှာ [https://www.facebook.com/ousc.publicrelations](https://www.facebook.com/ousc.publicrelations) တို့တွင် အခမ်းအနားကျင်းပမည့်နေ့ ရက်မတိုင်မီ ရက်သတ္တပတ် (၃) ပတ် ကြိုတင်၍ ဖော်ပြသွားမည်ဖြစ်ပါသည်။

ရှေ့နေရှေ့ရပ်ဌာနခွဲ၊ ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နေပြည်တော်